ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်းအဖွဲ့
Ethnic Equality Initiative - EEI
E.E.I

# Vacancy Announcement

**Vacancy date-20.5.2025**

**Background (နောက်ခံအကြောင်းအရာ)**

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Ethnic Equality Initiative – EEI) သည် အစိုးရမဟုတ် သော၊ အမြတ်အစွန်းမယူသော ဒေသတွင်း လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ရေရှည်တည်တံ့သော ဘက်စုံဖွံ့ဖြိုးရေး၊ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကလေးသူငယ် အခွင့်အရေးများ ပိုမိုအားကောင်းလာစေရေး၊ ကျား‌မ အခွင့်အရေးတန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည် ပိုမိုမြှင့်မား လာစေရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Ethnic Equality Initiative – EEI) သည် အရည်အချင်းပြည့်ဝ၍ စိတ်ပါဝင်စားသူများအား ခန့်ထားနိုင်ရန် အောက်ဖော်ပြပါ ရာထူးကို ခေါ်ယူ နေပါသည်။

## Caretaker (၁) ဦး

တာဝန်ထမ်းဆောင်ရမည့်ဒေသ : မြစ်ကြီးနားမြို့
တာဝန်ထမ်းဆောင်ရမည့်ကာလ : ဇွန်လ ၂၀၂၅ မှ ဒီဇင်ဘာ ၂၀၂၅
အစီရင်ခံစာ ပေးပို့ရမည့်သူ : လုံခြုံအိမ်ကြီးကြပ်ရေးမှူး

**Job Summary (လုပ်ဆောင်ရမည့် လုပ်ငန်းအနှစ်ချုပ်)**

---

**Caretaker** သည် လုံခြုံအိမ် အမြဲသန့်ရှင်းမှုရှိရန်နှင့်ထိန်းသိမ်းခြင်းတို့အတွက် တာဝန်ရှိပါသည်။ ထို့အပြင် (၂၄) နာရီ လွဲပြောင်းလမ်းညွှန်မှု ဖုန်းလိုင်းအား ဖြေကြားကာ၊ ရှင်သန်ကျန်ရစ်သူများအတွက် လုံခြုံအိမ်တွင်နေထိုင်ရန် သတ်မှတ်ချက်များနှင့် လုံခြုံအိမ်၏ဝန်ဆောင်မှုများအကြောင်း အထွေထွေမေးခွန်းများကို ဖြေကြားရန် တာဝန်ယူရမည်။ လိုအပ်ပါက ရှင်သန်ကျန်ရစ်သူကို စိတ်လူမှုအထောက်အပံ့အစီအစဉ် (သို့) နှစ်သိမ့်ဆွေးနွေးမှုများပြုလုပ်ရန်တာဝန်ရှိပါသည်။

**Major Duties and Responsibilities (တာဝန်နှင့် ဝတ္တရားများ)**

---

- တာဝန်ချိန်များတွင် (၂၄) နာရီ လွဲပြောင်းလမ်းညွှန်မှု ဖုန်းလိုင်းအား ဖြေကြားကာ ၊ရှင်သန်ကျန်ရစ်သူများ အတွက် လုံခြုံအိမ်တွင်နေထိုင်ရန် သတ်မှတ်ချက်များနှင့် လုံခြုံအိမ်၏ဝန်ဆောင်မှုများအကြောင်း အထွေထွေ မေးခွန်းများကို ဖြေကြားရန် တာဝန်ယူရမည်။
- ရှင်သန်လွတ်မြောက်လာသူအား လုံခြုံအိမ်တွင် ခိုလှုံရန် သတ်မှတ်ချက်များနှင့်ကိုက်ညီခြင်း ရှိ၊ မရှိကို စစ်ဆေးရမည်။
- လုံခြုံအိမ်တွင် ရှင်သန်လွတ်မြောက်လာသူအား လက်ခံမခံ ဆုံးဖြတ်ရန်၊ လုံခြုံအိမ်တာဝန်ခံအား ဖုန်းခေါ်ဆို အကြောင်းကြားခြင်းအား (ရောက်ရှိပြီး ၁ နာရီ အတွင်း)နှင့် လိုက်နာရန် ကျင့်ဝတ်စည်းမျဉ်းများ ကို ရှင်းပြခြင်းအား (ရောက်ရှိပြီး ၂၄ နာရီ အတွင်း) လုပ်ဆောင်ရမည်။

- လုံခြုံအိမ်တွင် ရောက်ရှိလာသော ရှင်သန်လွတ်မြောက်လာသူများ၏ ရုပ်ပိုင်းကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ကျန်းမာရေးဆိုင်ရာကိစ္စရပ်အတွက် နီးစပ်ရာ အဖွဲ့အစည်းထံသို့ ညွှန်းပို့နိုင်ရန် လိုအပ်သော သတင်းအချက်အလက် များ စုဆောင်းပေးနိုင်သူဖြစ်ရမည်။
- ရှင်သန်ကျန်ရစ်သူများ၏ အခွင့်အရေးကို လေးစားလိုက်နာကာ လုံခြုံအိမ်လမ်းညွှန်းချက်ကို ကျင့်သုံးလိုက်နာသူဖြစ်ရမည်။
- ရှင်သန်ကျန်ရစ်သူများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။

### Other activities (အခြားလုပ်ငန်းများ)

- ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများကို တိကျစွာ လေးစားလိုက်နာရမည်။
- ဝန်ထမ်းအသစ်များကဲ့သို့ အဖွဲ့အစည်းမူဝါဒမိတ်ဆက်ခြင်း အခန်းကဏ္ဍကို သေချာစွာ ပါဝင်ရမည်။
- မိမိ၏ကြီးကြပ်သူမှ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်သောအခါ မပျက်မကွက် လုပ်ကိုင်ဆောင်ရွက် ပေးရမည်။

### Reporting (အစီရင်ခံစာ)

- မိမိ၏လုပ်ငန်းစဉ်များကို လစဉ် လုံခြုံအိမ်ကြီးကြပ်ရေးမှူးထံ အစီရင်ခံစာတင်ပြရမည်။
- ရှင်သန်ကျန်ရစ်သူ၏လုံခြုံရေးကို အစဉ်အမြဲကြည့်ရှုပြီး ဖြစ်ရပ်စီမံခန့်ခွဲသူထံ (သို့) လုံခြုံအိမ်ကြီးကြပ်ရေးမှူးထံသို့တင်ပြရမည်။

### Qualifications and minimum requirement (လိုအပ်သည့် ပညာအရည်အချင်းနှင့် လိုအပ်ချက်များ)

- အမျိုးသမီးဖြစ်ရမည်။
- ကျား၊မ အခြေပြုအကြမ်းဖက်မှုနှင့် ဆိုင်သောလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၁ နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။
- မတူကွဲပြားသောလူမျိုးဘာသာ၏ ယဉ်ကျေးမှုကိုလေးစားလိုက်နာသူ နှင့် ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေး ရှိသူဖြစ်ရမည်။
- ကွန်ပျူတာကို အခြေခံအသုံးပြုနိုင်သူဖြစ်ရမည်။ (Microsoft Word, Excel, Power Point)
- အခြေခံ English စာတတ်မြောက်ထားသူဖြစ်လျှင် ပိုကောင်းပါသည်။
- ဖြစ်ရပ်စီမံကိုင်တွယ်ဖြေရှင်းခြင်း အတွေ့အကြုံ အနည်းဆုံး ၁ နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။
- အဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝကို ကောင်းစွာနားလည်သဘောပေါက်ပြီး အများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ဒေသတွင်း လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများတွင် လုပ်ကိုင်ဖူးသည့် အတွေ့အကြုံရှိ သူဖြစ်ရမည်။

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်း
Ethnic Equality Initiative - EEI
E.E.I

**ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်းအဖွဲ့တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် နှောက်ယှက်မှု မှန်သမျှကို လုံးဝ သည်းမခံသော မူဝါဒ ရှိပါသည်။ ထိုမူဝါဒ(Protection from Sexual Exploitation, Abuse and Harassment – Policy (PSEAH-Policy) နှင့် ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း (Code of Conduct) များကို ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်း၏ ဝန်ထမ်းများ အားလုံးသည် သေချာစွာ နားလည်သဘောပေါက်၍ မဖြစ်မနေ လိုက်နာ ကျင့်သုံးကြရပါမည်။**

***မှတ်ချက်-အရည်အချင်းပြည့်မှီသောအမျိုးသမီး မသန်စွမ်းများ လျှောက်ထားရန် အထူးအားပေးပါသည်။***

**Application Process (လျှောက်လွှာများပေးပို့ခြင်း)**

အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံ၍ စိတ်ပါဝင်စားသူများသည် မိမိ၏ အလုပ်လျှောက်လွှာများကို အောက်ပါလိပ်စာများအတိုင်း **(၂၀၂၅) ခုနှစ် မေလ (၃၁) ရက်၊ ညနေ (၅)** နာရီထက်နောက်မကျပဲ ပေးပို့ လျှောက်ထားနိုင်ပါသည်။

**ပေးပို့နိုင်သည့် အီးမေးလ်လိပ်စာ - eei.recruitment.myt@gmail.com**

**ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့ရုံး**

နခ- ၉/၁၅၆ မြို့သစ်ကြီးရပ်ကွက် ၊ နောင်ခမ်းရှမ်းရွာလမ်းမကြီး ၊ မြစ်ကြီးနားမြို့။

**(ပဏာမ ရွေးချယ်ခံရသူကိုသာ ဆက်သွယ် အကြောင်းကြားပါမည်။)**